# အမွေအနှစ်ပျက်စီးမှု အမြန်ဆန်းစစ်ချက် HFM Application ဖြည့်သွင်းမှု လမ်းညွှန်ချက်

၁။ အဆောက်အအုံအမည်/ အဆောက်အအုံအစု အမည်

အဆောက်အအုံအမည်မှာ မိမိစာရင်းသွင်းမည့် အဆောက်အအုံ၏ လက်ရှိအမည်ကိုဖြည့်သွင်း ပေးပါရန်။ အကယ်၍ အမည်နှစ်မျိုးရှိပါက (သို့) ခံ၍ နှစ်မျိုးစလုံးအားထည့်သွင်း ပေးပါရန်။ မိမိစာရင်းဖြည့်သွင်းသည့် နေရာသည် အဆောက်အအုံတစ်ခုထပ်ပိုရှိပြီး၊ ၎င်းအဆောက်အအုံအစု စုပေါင်း၍အမည်တစ်မျိုးခေါ်ပါက ၎င်းအမည်ကိုထည့်သွင်းပေးပါရန်။ ဥပမာ - ရတနာဆီမီးအစု၊ ရွှေနန်းရင်တော်အစု၊ အစရှိသည်ဖြင့်။

၂။ အဆောက်အအုံအမှတ်

အချို့သော ရှေးဟောင်းအဆောက်အအုံများသည် ရှေးဟောင်းသုတေသနဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စာရင်းသွင်း၍ အမှတ်စဉ်တပ်ထားသည်။ ၎င်းအဆောက်အုံများဖြစ်ပါက အဆိုပါ အဆောက်အအုံ၏ နံပါတ်ကိုရရှိနိုင်ပါက ဖြည့်သွင်းပေးပါရန်။

၃။ တည်နေရာ

အဆောက်အအုံတည်ရှိသည့် ရှေးဟောင်းသုတေသနဇုံ (ဥပမာ - ပုဂံ၊ အင်းဝ၊ ပင်းယ၊ မင်းကွန်း) သိရှိပါကထည့်သွင်းရန်နှင့်၊ အကယ်၍ မသိရှိပါက ရှေးဟောင်းဇုံမရှိသော အဆောက်အအုံများ၏ တည်နေရာကို ပြည်နယ်/ တိုင်းဒေသကြီး၊ မြို့ မြို့နယ်၊ ကျေးရွာ တို့ကိုဖြည့်ပေးပါရန်။

၄။ GPS ကိုသြဒိနိတ် (လက်တ္တီတွဒ် / လောင်ဂျီကျု)

အဆောက်အအုံတည်နေရာ၏ GPS ပိုင့် အမှတ်များကို မိမိဖုန်းဖြင့်ရရှိနိုင်ပါကဖြည့်သွင်းပေးပါရန်။

၅။ အဆောက်အအုံအမျိုးအစား

မိမိမှတ်တမ်းတင်သော အဆောက်အအုံ အမျိုးအစားကို ဖော်ပြပါ ဂူဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ မြေအောက်ဥမင်၊ နန်းတော်၊ ရှေးဟောင်းသုတေသနဆိုင်ရာအဆောက်အအုံ ထဲမှသက်ဆိုင်ရာ တစ်ခုကိုရွေးချယ်ပေးပါရန်။ အထက်ဖော်ပြပါ အဆောက်အအုံအမျိုးအစားတွင် မပါဝင်ပါက “အခြား” နေရာတွင်မည့်သည့်အဆောက်အအုံဖြစ်ကြောင်းကို မှတ်တမ်းတင်နိုင်သည်။ ဥပမာ ခရစ်ယာန် ဘုရားကျောင်း၊ ဗလီ၊ တံတား အစရှိသည်ဖြင့် သက်ဆိုင်ရာတစ်မျိုးမျိုးကို ဖြည့်သွင်း ပေးပါရန်။ ထို့အပြင် မိမိစာရင်းသွင်းသည့် နေရာတွင် အဆောက်အအုံအမျိုးအစား

တစ်မျိုးထပ် ပိုရှိနေပါက၊ "အခြား" နေရာတွင် ၎င်းတည်ရှိနေသည့် အဆောက်အအုံ အမျိုးအစားများ အားလုံးကို ရေးသွင်းပေးပါရန်။ ဥပမာ - ဂူဘုရား၊ စေတီ၊ ရေကန်၊ ဘုန်းကြီးကျောင်း

၆။ အဆောက်အအုံ အစုဖြစ်ပါက၊ အဆောက်အအုံမည်မျှရှိသနည်း။
မိမိစာရင်းသွင်းသည့် နေရာသည် အဆောက်အအုံအစုဖြစ်နေပါက၊ ၎င်းနေရာတွင်တည်ရှိသည့် အဆောက်အအုံစုစုပေါင်းအရေအတွက်အားထည့်သွင်းပေးပါရန်။

၇။ အဆောက်အအုံအထပ်
မိမိမှတ်တမ်းတင်သော အဆောက်အအုံအထပ် မည်မျှရှိသည်ကိုရွေးချယ်ပေးပါရန်။

၈။ ထိန်းသိမ်းစောင့်ရှောက်ထားမှု
မိမိစာရင်းသွင်းမည့် အဆောက်အအုံသည် အောက်ဖော်ပြပါ အကြောင်းအရာများထဲမှ တစ်မျိုးမျိုးဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားမှု (သို့) စာရင်းသွင်းထားမှုအားသိရှိလျှင်ဖြည့်သွင်းပေးပါရန်။ (က) အမျိုးသားအမွေအနှစ်စာရင်းဝင် (ခ) စာရင်းမဝင်သောအဆောက်အအုံ (ဂ) ဂေါပက / ဘုန်းကြီး / ဒေသခံ။ ၎င်းတွင်မပါဝင်ပါက အခြား တွင်မည်သည့်အဖွဲ့အစည်းကထိန်းသိမ်းစောင့်ရှောက်ထားသည်ကိုသိရှိလျှင်ဖြည့်သွင်းပေးပါရန်။ မသိရှိပါက ချန်လှပ်ထားခဲ့နိုင်ပါသည်။

၉။ လုံခြုံဘေးကင်းမှုအခြေအနေ
လုံခြုံဘေးကင်းမှုအခြေအနေဆိုသည်မှာ မိမိစာရင်းသွင်းမည့် အဆောက်အအုံသည် ဝင်ရောက်ကြည့်ရှုလေ့လာမည့်သူများအတွက် ပြိုကျပျက်စီးနိုင်သည့် အန္တရာယ်ရှိနေလျှင် လုံခြုံမှုမရှိသည့်အတွက် "မသင့်တော်" ရွေးချယ်ပါ။ လုံခြုံစိတ်ချရသည့် အခြေအနေရှိလျှင် "သင့်တော်သည်" ကိုရွေးချယ်ပါ။

၁၀။ အဆောက်အအုံအမျိုးအစား
မိမိစာရင်းသွင်းမည့် အဆောက်အအုံသည် မည်သည့် ပစ္စည်းဖြင့်အဓိကတည်ဆောက်ထားသည်ကို ဖြည့်စွက်ပေးပါရန်။ ဥပမာ  အုတ်၊ ကျောက်၊ သစ်သား၊ အုတ်နှင့်သစ်သား (သို့) သံ/စတီး (ဥပမာ - စစ်ကိုင်းတံတားဟောင်း) တို့ဖြစ်ပြီး၊ အခြားပစ္စည်းအမျိုးအစားတစ်ခုခုနှင့်တည်ဆောက် ပါက "အခြား" နေရာတွင် ဖြည့်သွင်းပေးပါရန်။

၁၁။ မူလသက်တမ်း (သို့)ခေတ်
မိမိစာရင်းသွင်းမည့် အဆောက်အအုံ၏ မူလတည်ဆောက်ခဲ့သောသက်တမ်း (သို့မဟုတ်) ခေတ်ကို သိရှိလျှင်ဖြည့်သွင်း ပေးပါရန်။ ဥပမာ ၁၅၁၆ခုနှစ် (သို့) ၁၈ရာစု (သို့) ကုန်းဘောင်ခေတ် (သို့)

ပင်းယခေတ် အစရှိသဖြင့် သိရှိသည့် သက်တမ်း (သို့) ခေတ်ကိုထည့်သွင်းပေးပါ။ မသိရှိပါက ချန်လှပ်ထားခဲ့နိုင်ပါသည်။

၁၂။ အဆောက်အအုံဝန်းကျင် မြေယာအနေအထား ပြောင်းလဲမှု
ပြင်းထန်သည့်မြေငလျင်လှုပ်ခတ်ခဲ့သည့်အတွက် မိမိစာရင်းသွင်းမည့်အဆောက်အအုံ အနီးအနား ပတ်ဝန်းကျင်၏ မြေမျက်နှာသွင်ပြင်သည် မြေအောက်လှုပ်ရှားမှုများကြောင့် ပြောင်းလဲသွားနိုင်ပါသည်။ ပြောင်းလဲမှုများရှိခဲ့လျှင် "ရှိ" ဆိုသည်ကိုရွေးချယ်ပြီး၊ ဘယ်နေရာတွင် ဘယ်လိုပြောင်းလဲကြောင်းကို ဖော်ပြပေးပါရန်။ ဥပမာ အဆောက်အအုံ၏ အရှေ့ဖက် ပေ၂၀ အကွာခန့် / ဝါးတစ်ပြန်ခန့်တွင် မြေအက်ကွဲသွားသည်။

၁၃။ အဆောက်အအုံမူလတည်နေရာမှ ရွေ့သွားခြင်း/ကျွံဝင်သွားခြင်း
မိမိစာရင်းသွင်းသော အဆောက်အအုံသည် မူလတည်နေရာမှ ရွေ့သွားလျှင် (သို့မဟုတ်) မြေကြီးအောက်သို့ ကျွံဝင်သွားသည်ကို တွေ့ရှိပါက ဖော်ပြပေးပါရန်။ ဥပမာ အဆောက်အအုံတစ်ခုလုံး ၅ပေခန့်မြေအောက်ကျွံသွားသည် (သို့) မူလနေရာမှ ၂ပေခန့်တောင်ဖက်သို့ ရွေ့သွားသည် အစရှိသည်ဖြင့် ဖြည့်ပေးပါရန်။


၁၄။ အဆောက်အအုံပျက်စီးမှု (ဓာတ်ပုံရိုက် ကူးရန်)
အဆောက်အအုံပျက်စီးမှုအား ခြုံငုံမြင်သာစေရန် အရှေ့၊ အနောက်၊ တောင်၊ မြောက်များမှ ဓာတ်ပုံ တစ်ပုံစီရိုက်ကူး ပေးပါရန်။ ထို့နောက် မိမိလိုအပ်သည်ထင်သည့် အခြားရှုထောင့်များမှလဲ အဆောက်အအုံ ပျက်စီးမှုများကို ထပ်မံရိုက်ကူးပေးပါရန်။ ဓာတ်ပုံများသည် ပျက်စီးမှုများ တွက်ချက်ရာတွင် အလွန်အရေးကြီးပါသဖြင့် တတ်နိုင်သမျှ ကြိုးစားရိုက်ကူးပေး ပါရန်မေတ္တာရပ်ခံ အပ်ပါသည်။

၁၅။ ပျက်စီးမှုအနေအထား
မိမိစာရင်းသွင်းမည့် အဆောက်အအုံ၏ ပျက်စီးမှုအနေအထားအား အောက်ဖော်ပြပါ ပျက်စီးမှု အဆင့်အတိုင်း ရွေးချယ်ပေးပါရန်။ (က) မထိခိုက်ပါ (ခ) အနည်းငယ် ထိခိုက် (ဂ) အလယ်အလတ် ထိခိုက် (ဃ) အများစု ထိခိုက် (င) အလုံးစုံပြိုပျက်

၁၆။ ပျက်စီးသည့် အစိတ်အပိုင်း
မိမိစာရင်းသွင်းမည့် အဆောက်အအုံသည် အလုံးစုံမပြိုပျက်ပါက အဆောက်အအုံ၏ မည်သည့် အစိတ်အပိုင်းသာ ပြိုပျက်သည်ကိုရွေးချယ်ပါရန်။ တစ်ခုထက်ပိုသော အစိတ်အပိုင်းများပျက်စီးနိုင် သောကြောင့် တစ်ခုထက်ပို၍ ရွေးချယ်နိုင်သည်။ ရွေးချယ်သည့်စာရင်းတွင်မပါဝင်သည့် အခြားသော အစိတ်အပိုင်းများမှာ ပင်မအဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်ပါက မည်သည့်

အစိတ်အပိုင်း ဖြစ်သည်ကို ဖော်ပြပေးပါရန်။ ဥပမာ ထီးတော်၊ ဖောင်းရစ်၊ အထွတ်၊ ခေါင်းလောင်း၊ ပစ္စယံ အစရှိသည့်ဖြင့်။ ပင်မအဆောက်အအုံနှင့်မသက်ဆိုင်ပါက "အခြား" တွင်ဖြည့်ပေးပါ။ ဥပမာ အရံစေတီ၊ လျှောက်လမ်း အစရှိသည်ဖြင့်။ သက်ဆိုင်ရာအခေါ်အဝေါ်များကို အောက်ပုံများတွင် ကြည့်ပါ။

**STUPAS (1)**
**STUPA (1)**
ထူပများ(၁)



A - accessible terrace
B - inaccessible terrace
C - stairway

a - square terrace with 4 projections
b - octagonal terrace with 2 projections
c - projection
d - bellshaped dome
e - conical spire
f - umbrella
g - corner stupa
h - corner urn
i - corner amortizement


A - terrasse accessible
B - terrasse inaccessible
C - escalier

a - terrasse carrée à 4 avancées
b - terrasse octogone à 2 avancées
c - avancée
d - dôme en cloche
e - flèche conique
f - parasol
g - stupa d'angle
h - urne d'angle
i - mitre d'angle

A - လှေကားထက်နတ်လမ်းပတ်သောပစ္စယံဆင့်
B - လှေကားထက်နတ်လမ်းမပတ်သောပစ္စယံဆင့်
C - နတ်လမ်းလှေကား

a - လေးထောင့်ပစ္စယံ(ဖေါင်းတန်းလေးခုပ)
b - ရှစ်မြောင့်ပစ္စယံ(ဖေါင်းတန်းနှစ်ခုပ)
c - ဖေင်းတန်း(ခင်မိတ်တိုး)
d - ခေါင်းလေင်းပုံ
e - ဖေါင်းရစ်
f - ထီး
g - ထောင့်စေတီ(စေတီရံ)
h - ထောင့်စိုက်ပန်းအိုး
i - အစောင့်နတ်ရုပ်ပလ္လင်ခုံ

## SINGLE-STOREY TEMPLES
## TEMPLES D'UN NIVEAU
တစ်ထပ်လှိုဏ်ဂူဘုရားများ









**A** - main body
**B** - upper parts
**a** - terraces
**b** - square tower

**A** - corps d'édifice
**B** - parties hautes
**a** - terrasses
**b** - tour carrée

**A** - တိုက်မပိုင်း
**B** - အပေါ်ဆင့်အစိတ်အပိုင်းများ
**a** - ပစ္စယံဆင့်များ
**b** - ကွန်းတောင်

## TEMPLES WITH CENTRAL SHRINE AND CORRIDOR
## TEMPLES A CELLA CENTRALE ET COULOIR
ဂန္ဓကုဋီတိုက်နှင့်တကွစင်္ကြံပတ်လမ်းပါသောဂူဘုရားများ









**a** - central shrine
**b** - inner passage
**c** - corridor
**d** - outer passage
**e** - entrance hall
**f** - porch
**g** - lateral forepart with window
**h** - window
**i** - staircase
**j** - roof shrine


**a** - cella centrale
**b** - passage interne
**c** - couloir
**d** - passage externe
**e** - hall d'entrée
**f** - porche
**g** - avant-corps latéral avec fenêtre
**h** - fenêtre
**i** - escalier
**j** - sanctuaire en toiture


**a** - အလယ်ဂန္ဓကုဋီတိုက်
**b** - ဂန္ဓကုဋီတိုက်အဝင်လမ်း
**c** - စင်္ကြံပတ်လမ်း
**d** - တိုက်မအဝင်လမ်း
**e** - ရှေ့ဆောင်ခန်းမကြီး
**f** - အဝင်မုခ်ဆောင်
**g** - ဓာပေါက်ပြူတင်းနှင့်တကွဘေးမုခ်ဆောင်
**h** - ဓာပေါက်လေသာပြူတင်း
**i** - ကြောင်လိမ်လှေကား
**j** - အပေါ်ထပ်ဂန္ဓကုဋီတိုက်


## UNDERGROUND STRUCTURES
## STRUCTURES SOUTERRAINES
## မြေအောက်အဆောက်အအုံ များ (ဥမင်များ )




**A** - underground temple
**B** - underground monastery

**a** - shrine
**b** - entrance
**c** - gateway
**d** - central courtyard
**e** - stairway
**f** - tunnel
**g** - cell
**h** - axial niche

**A** - temple souterrain
**B** - monastère souterrain

**a** - cella
**b** - entrée
**c** - pavillon d'entrée
**d** - cour centrale
**e** - escalier d'accès
**f** - tunnel
**g** - cellule
**h** - niche axiale

**A** - မြေအောက်ဥမင်ဂူဘုရာ
**B** - မြေအောက်ဥမင်ကျောင်

**a** - ဂန္ဓကုဋ္ဌိတိုက်(ဘုရာ ခန် )
**b** - ဝင်ပေါက်
**c** - မုခ်ဝင်ပေါက်
**d** - အလယ်ဓမ္မသာလာသစ်သာ ပြာသာဒ်ဆောင်ရာ
**e** - လှေကာ တက်လမ်
**f** - ဥမင်လိုဏ်ခေါင်
**g** - တရာ အာ ထုတ်ရန်အခန် ငယ်
**h** - ဓမ္မပလ္လင်မုခ်ကပ်ခေါင်

၁၇။ တန်ဆာဆင်မှုများ

မိမိစာရင်းသွင်းသည့် အဆောက်အအုံတွင် တန်ဆာဆင်မှုများဖြစ်သော ဆင်းတု၊ အင်္ဂတေပန်း၊ စဥ့်ကွင်း၊ နံရံဆေးရေး၊ ကျောက်ဆစ်ရုပ်များ၊ ပန်းပုရုပ်များ၊ အခြား တန်ဆာဆင်မှုများ ပျက်စီးမှု ရှိ၊ မရှိ ဆိုသည်ကိုရွေးချယ်ပေးပါရန်။

၁၈။ ပျက်စီးသည့် တန်ဆာဆင်မှု

တန်ဆာဆင်မှုများရှိပြီး ပျက်စီးနေပါက ၎င်းပျက်စီးသည့် အရာအားရွေးချယ်၍ ပျက်စီးမှု အတိုင်းအတာ (၁) အနည်းငယ် (၂) အလယ်အလတ် (၃) အများအပြား (၄) အလုံးစုံ တို့မှ တစ်ခုခုကိုရွေးချယ်ပေးပါရန်။ ဖော်ပြထားသည့် ဆင်းတု၊ အင်္ဂတေပန်း၊ စဥ့်ကွင်း၊ နံရံဆေးရေး၊ ကျောက်ဆစ်၊ သစ်သားပန်းပုရုပ်များ တွင်မပါဝင်သည့် အခြားသောအရာများကို "အခြား" တွင်ရေး၍ ၎င်း၏ပျက်စီးမှုအတိုင်းအတာအား ဖြည့်သွင်းပေးပါရန်။ ဥပမာ ကျောက်စာ (အလယ်အလတ်)၊ အုတ်အင်္ဂတေနတ်ရုပ် (အများအပြား)။

၁၉။ တန်ဆာဆင်မှုအစိတ်အပိုင်းများပျက်စီးမှု (ဓာတ်ပုံရိုက်ရန်)

ဤအပိုင်းတွင် မြင်တွေ့နိုင်သည့် အတိုင်းအတာအထိ ပျက်စီးသွားသော တန်ဆာဆင်မှုများကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ပေးရန်ဖြစ်သည်။ ပျက်စီးသွားသော မတူညီသည့် တန်ဆာဆင်မှု အစိတ်အပိုင်း တစ်ခုခြင်း စီကို ဖြစ်နိုင်လျှင် သီးသန့် ဓာတ်ပုံရိုက်ပေးရန်လိုအပ်သည်။ မိမိစိတ်ကြိုက် ရှုထောင့်များမှနေ၍ ရိုက်ကူးနိုင်သည်။

၂၀။ အဆောက်အအုံ ပြင်ဆင်မှုသမိုင်း

မိမိစာရင်းသွင်းမည့် အဆောက်အအုံအား ခေတ်အဆက်ဆက်ပြုပြင်မှုများအား ကျောက်စာအရ သော်လည်းကောင်း၊ သမိုင်းအထောက်အထားအရသော်လည်းကောင်း သိရှိလျှင်ဖြည့်သွင်းပါရန်။ ထို့အပြင် မျက်မှောက်ခေတ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန (သို့) ဘာသာရေးဆိုင်ရာ အဖွဲ့အစည်း (သို့) ပုဂ္ဂလိက တစ်ဦးတစ်ယောက်က ပြုပြင်ထိန်းသိမ်းခဲ့သည့် သမိုင်းကြောင်းအား သိရှိလျှင် ဖြည့်သွင်းပေးပါရန်။

၂၁။ ဘေးအန္တရာယ်စိစစ်ခြင်း

ဘေးအန္တရာယ်စိစစ်ခြင်းဆိုသည်မှာ မိမိစာရင်းသွင်းမည့် အဆောက်အအုံသည် အောက်ဖော်ပြပါ ဘေးအန္တရာယ်တစ်ခုခု ထပ်မံကျရောက်နိုင်ပါက၊ ဖြစ်နိုင်ချေရှိပါက ဖြည့်သွင်းပေးပါရန်။

(က) နောက်ဆက်တွဲ ငလျင်များကြောင့်ပြိုကျနိုင်သည်။

(ခ) မီးဘေးအန္တရာယ် ဖြစ်ပေါ် နိုင်သည်။

(ဂ) မိုးရွာမှုကြောင့် ပျက်စီးမှုပိုမိုဖြစ်စေနိုင်သည်။

(ဃ) အဖိုးတန်လက်ရာများအား မသမာသူများခိုးယူနိုင်သည်။
(င) ရေကြီးမှု (သို့) မြေပြိုမှု အန္တရာယ်ကြုံရနိုင်သည်။

အထက်ဖော်ပြပါ ဘေးအန္တရာယ်များ၏ ဖြစ်နိုင်ချေ အနည်းအများပေါ်လိုက်၍ (၁) အနည်းငယ် (၂) အလယ်အလတ် (၃) အများအပြား အစရှိသည်ဖြင့် မိမိထင်မှတ်သည့် ဖြစ်နိုင်ချေကိုရွေးချယ်ပေးပါရန်။

၂၂။ ယာယီကာကွယ်ထားမှု
မိမိစာရင်းသွင်းမည့်အဆောက်အအုံသည် ပြိုကျပြီးနောက် (သို့မဟုတ်) ပျက်စီးပြီးနောက် ယာယီကာကွယ်ထားမှုများရှိ/မရှိကို ဖြည့်သွင်းပေးပါ။ (၁) အမိုးအကာ (၂) အန္တရာယ်ရှိကြောင်းဆိုင်းဘုတ် (၃) အကာအရန်အတားအဆီး (၄) အခြား။ အထက်ဖော်ပြပါ ကာကွယ်ထားမှုများတွင် မပါဝင်ပါက "အခြား" ကွက်လပ်တွင် ကာကွယ်ထားရှိသည့်ပုံစံကိုဖော်ပြပေးပါရန်။

၂၃။ အခြားမှတ်ချက်များ
စာရင်းဖြည့်သွင်းသူသည် အထက်ဖော်ပြပါ အချက်များတွင်မပါဝင်သေးသည့် အကြောင်းအရာများအား ထပ်မံဖော်ပြလိုလျှင် "အခြားမှတ်ချက်များ" ကွက်လပ်တွင် စာရေးသား၍ ဖြည့်သွင်းနိုင်ပါသည်။ ဥပမာ မိမိသွားရောက်စာရင်းသွင်းချိန်တွင် ပြိုကျပျက်စီးမှု အပိုင်းအစများကို ဖယ်ရှားရှင်းလင်းပြီး ဖြစ်သည်၊ အုတ်ကျိုးများကို စနစ်တကျ ပုံထားပါသည်၊ စသည်ဖြင့်။

၂၄။ အဆောက်အအုံ မပြိုပျက်ခင် ဓာတ်ပုံရှိလျှင်
မိမိစာရင်းသွင်းခဲ့သည့် အဆောက်အအုံ၏ မပြိုပျက်ခင် (သို့မဟုတ်) မပျက်စီးခင် (သို့မဟုတ်) အဆင်တန်ဆာများမပျက်စီးခင် ယခင်က ရိုက်ကူးထားသည့် ဓာတ်ပုံများရှိပါက ၎င်းပုံများကို ထည့်သွင်းပေးပါရန်။